EMReF
Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၃

စက်တင်ဘာ ၁၁ ရက်၊ ၂၀၁၈

## ငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေ ပြည်နယ်လွှတ်တော်တွင် လုံ/နယ်ဝန်ကြီး ရှင်းလင်း



**စက်တင်ဘာ ၅၊ ၂၀၁၈**

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်မှု အခြေအနေများနှင့် ပတ်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ဩဂုတ် ၃၁ ရက်တွင် ပြုလုပ်သည့် ပြည်နယ်လွှတ်တော် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးရှိ အရာထမ်း၊ အမှုထမ်းတို့အား တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေက ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဖြစ်စဉ်အသေးစိတ်သိဖို့လိုအပ်ပါတယ်။ တကယ်အရေးကြီးတဲ့ကိစ္စဆောင်ရွက်တဲ့နေရာမှာ အသေးစိတ်ရဲ့ ကိစ္စတွေကို ကျွန်မတို့က ဗဟုသုတနည်းနေပါသေးတယ်။ အဲဒါကြောင့်မို့လို့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး တင်ပြတဲ့အပေါ် ဂရုတစိုက်နဲ့ လေးလေးစားစား နားထောင်ကြရအောင်လို့ ပြောကြားလိုပါတယ်"ဟု ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ယင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA ) နှင့်စပ်လျဉ်း၍ လက်ရှိလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်မှုလမ်းကြောင်းကို တင်ပြဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ NCA စာချုပ်ကို အခြေခံပြီးတော့မှ တိုင်းရင်းသားလူမျိုးတွေအသီးသီးရဲ့ လိုလားချက်တွေကို ကျွန်တော်တို့ နိုင်ငံရေးစကားဝိုင်း ထိုင်ပြီးတော့မှ ငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တယ်"ဟု ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ဆိုသည်။

ယင်းအပြင် "နိုင်ငံတစ်ခု တိုင်းပြည်တစ်ခုမှာ ငြိမ်းချမ်းရေးရှိနေမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဟာ ငြိမ်းချမ်းရေးနဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိပါတယ်။ ငြိမ်းချမ်းနေမှသာလျှင် နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား ထိရောက်နေမှာဖြစ်ပြီးတော့ တရားဥပဒေစိုးမိုးရေးရှိလာမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးရှိနေမှသာလျှင် တောရော မြို့ပါမကျန် နယ်စပ်ဒေသအားလုံး တရားဥပဒေစိုးမိုးရေးရှိမှသာလျှင် ငြိမ်းချမ်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရဟာ မိမိတို့ရဲ့ အကောင်အထည်ဖော်မယ့် မူဝါဒတွေကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟုလည်း ယင်းက ပြောသည်။

ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းအတွက် ဗီယက်နမ်၊ ကမ္ဘောဒီယား၊ နီပေါ၊ ဖိလစ်ပိုင် စသည့်နိုင်ငံများသို့ သွားရောက်ကာ ၎င်းတို့ လုပ်နည်းလုပ်ဟန်များကို လေ့လာခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းကြောင်း မတူညီသော်လည်း နောက်ဆုံးရည်ရွယ်ချက်မှာ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက်သာဖြစ်ကြောင်း ၎င်းက ဆိုသည်။

**(ကိုးကား-ဟသာ်မီဒီယာ)**

# လွှတ်တော်တွင် ကတိပေးပြီး လုပ်ငန်းဆောင်ရွက်မှု ၆၂ ရာခိုင်နှုန်းသာရှိ

**စက်တင်ဘာ ၇၊ ၂၀၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နေဖြင့် လွှတ်တော်၌ ကတိဖြစ်ပြီးသောလုပ်ငန်းများအား လုပ်ဆောင်ပေးမှုသည် ၆၂ ရာခိုင်နှုန်းရှိသောကြောင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် အားမရကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုမြတ်ထက်က ပြောသည်။

အဆိုပါ ၆၂ ရာခိုင်နှုန်းသည် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ လွှတ်တော်၌ဖြေကြားခဲ့သော ကတိဖြစ်အဖြေများကို လုပ်ဆောင်မှုဖြစ်ကြောင်း သိရသည်။

"တကယ်ဆိုရင် ၈၀ ရာခိုင်နှုန်းလောက်ထိတော့ ပြီးစေချင်တာပေ့ါ။ အခုဟာက ၆၀ ရာခိုင်နှုန်းကျော်ပဲဆိုတော့ သိပ်တော့ အားမရမိဘူး "ဟု စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုမြတ်ထက်က ပြောသည်။

၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်းလုပ်ဆောင်ရမည့် ကတိဖြစ်လုပ်ငန်းများ၏ လုပ်ဆောင်မှုများဖြစ်ပြီး ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ (၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ(၈)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိပေးခဲ့သော ကတိများဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"ပြီးခဲ့တဲ့ကတိကဝတ်စောင့်ကြည့်မှုမှာ ခရိုင်အလိုက် စိစစ်ပြီးစောင့်ကြည့်ခဲ့တယ်။ ဒီတစ်ခါတော့ ဝန်ကြီးဌာနအလိုက် စိစစ်စောင့်ကြည့်မှာဖြစ်ပါတယ်။ ဒါမှသာ သက်ဆိုင်ရာဝန်ကြီးတွေအနေနဲ့ မိမိရဲ့ အားနည်းချက်/အားသာချက်တွေကို ပြန်လည်သုံးသပ်နိုင်မှာဖြစ်ပါတယ်" ဟု ဒေါ်စုမြတ်ထက်က ဆိုသည်။

ထို့ပြင် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဝန်ကြီးများမှ မိမိတို့၏ဖြေကြားချက်များကို တိကျစွာဖြေကြားပြီးပါက ဘတ်ဂျက်ရေးဆွဲချိန်တွင် စနစ်တကျထည့်သွင်းရေးဆွဲစေချင်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် လွှတ်တော် ကိုယ်စားလှယ်များ၏ မေးခွန်းများကို တိုင်းဒေသကြီးဝန်ကြီးဌာနများက တိတိကျကျဖြေကြားပေးစေလိုပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဖြေကြားချက်မျိုးသည် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတို့ကိုပြည်သူများက ယုံကြည်မှုကျဆင်းလာကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။ **(ကိုးကား-www.mizzimaburmese.com / www.news-eleven.com)**

# သိမ်းငှက်စစ်ဆင်ရေးစီမံချက် မအောင်မြင်ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ် ဝေဖန်

**စက်တင်ဘာ ၄၊ ၂၀၁၈**

မန္တလေးမြို့တွင် ဓားခုတ်လုယက်မှု အပါအဝင် မှုခင်းများဖြစ်ပွားနေမှုအပေါ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံသို့ ဆက်လက်ဆောင်ရွက်သွားမည့် စီမံချက်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမေးမြန်းမည်ဖြစ်ကာ မှုခင်းကျဆင်းရေးအတွက် အထူးစီမံချက်ဖြင့် ဆောင်ရွက်နေသည့် သိမ်းငှက်စစ်ဆင်ရေး မအောင်မြင်ဟု ပြောနိုင်ကြောင်း ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က ပြောကြားသည်

"ကျွန်တော့်အမြင် ပြောရမယ်ဆိုရင် သိမ်းငှက်စစ်ဆင်ရေး စီမံချက်ဟာ မအောင်မြင်ဘူးပေ့ါ။ ဒီလိုပဲပြောရမှာပဲ။ လုပ်တော့ လုပ်နေတယ်ပေ့ါ။ မအောင်မြင်ဘူး ပြောရမယ်။ ဒီလိုမှုခင်းတွေ ဖြစ်နေတာက အကြောင်းအရာတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူးဗျ။ နံပါတ်တစ်အချက် ပြောရရင် မူးယစ်ဆေးဝါးကိစ္စတွေလည်း ပါဝင်ပတ်သက်နေတာပေ့ါ။ နံပါတ်နှစ်အချက်က စီးပွားရေးအဆင်မပြေတဲ့ချက်နဲ့လည်း ဆိုင်တယ်ဗျ။ နောက်ပြီးတော့ အဲဒီလို ကျူးလွန်သူတွေ ခိုအောင်းပုန်းအောင်းလို့ရနေတဲ့ ကျူးကျော်နေရာတွေနဲ့လည်း ဆိုင်တယ်ဗျ။ ဒီလိုမှုခင်းတွေအပေါ်မှာ ရဲတပ်ဖွဲ့နဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ရဲတပ်ဖွဲ့အင်အား မလုံလောက်တာတွေ၊ အဲဒီလိုမလုံလောက်တော့ ပြည်သူတွေအတွက် စိတ်ချရတဲ့ လုံခြုံမှုမပေးနိုင်ဘူးပေ့ါ။ နောက်ပြီး သူတို့မှာလည်း ရှိသင့်ရှိထိုက်တဲ့ Facility တွေ မရှိတာလည်း ပါနိုင်တာပေ့ါ။ တစ်ခုတည်းနဲ့တော့ ပြောလို့မရဘူး။ အကုန်လုံးက ဆက်စပ်နေတာပေ့ါ"ဟု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်က ဆိုသည်။ မန္တလေးမြို့တွင် ဖြစ်ပွားနေသည့် မှုခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်က ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဌမ ပုံမှန်အစည်းအဝေး၌ "အများပြည်သူ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးနှင့် ခိုးမှု၊ လုယက်မှု၊ မုဒိန်းမှုများ လျော့နည်းပပျောက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အထူးအလေးပေး ဆောင်ရွက်ရန် တိုက်တွန်းကြောင်း"အဆိုကို တင်သွင်းခဲ့သည်။ ယင်းအဆိုနှင့်ပတ်သက်၍ တပ်မတော်သားကိုယ်စားလှယ်က မှတ်တမ်းအဖြစ်သာထားရှိရန် ကန့်ကွက်ဆွေးနွေးခဲ့သဖြင့် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၄၇ မဲ၊ ကန့်ကွက်မဲ ၂၄ မဲဖြင့် ထောက်ခံသူ အရေအတွက် ထက်ဝက်ကျော်ဖြင့် အဆိုကိုလွှတ်တော် က အတည်ပြုခဲ့သည့်။ လက်ရှိမန္တလေးမြို့တွင် မှုခင်းကျဆင်းရေးအတွက် သိမ်းငှက်စစ်ဆင်ရေး စီမံချက်မှာ လွှတ်တော်တွင် တင်သွင်းခဲ့သည့် အတည်ပြုခဲ့ပြီးနောက် ငါးလအကြာတွင် စတင်ခဲ့သည့် စီမံချက်ဖြစ်ကြောင်း သိရသည်။

**(ကိုးကား-http://news-eleven.com/news)**

# ရခိုင်လွှတ်တော်တွင် တင်ဒါရွေးချယ်ရေးအဆို အောင်မြင်

**စက်တင်ဘာ ၇၊ ၂၀၁၈**

တင်ဒါရွေးချယ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/၂၀၁၇ နှင့်အညီ စိစစ်ရွေးချယ်ရန် ပေါက်တောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ထွီး တင်သွင်းသောအဆိုမှာ အောင်မြင်ခဲ့သည်ဟု သတင်းရရှိသည်။

ဦးအောင်ကျော်ထွီး အဆိုအား စက်တင်ဘာ ၆ ရက်နေ့က ကျင်းပခဲ့သည့် ရခိုင်ပြည်နယ်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၃၁ မဲ ကန့်ကွက်မဲ ၁ မဲနှင့် ကြားနေမဲ ၃ မဲ ဖြင့် အတည်ပြုခဲ့သည်။

အဆိုရှင် ဦးအောင်ကျော်ထွီး၏ အဆိုအပြည့်အစုံမှာ "ဒီမိုကရေစီစနစ်၏ ပွင့်လင်းမြင်သာမှုကို ထင်ဟပ်ပေါ်လွင်စေရန် အလို့ငှာ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း၏ ညွှန်ကြားချက်များနှင့်အညီ ပြည်နယ်ဆိုင်ရာ တင်ဒါများကို ရွေးချယ်သွားစေရန် ရခိုင်ပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အဆို"ဖြစ်သည်။

"ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရက တင်ဒါခေါ်ယူတဲ့နေရာမှာ ဥပဒေနဲ့အညီ ပွင့်လင်းမြင်သာမှုရှိရေးနဲ့ အားလုံးက လက်ခံနိုင်တဲ့ တင်ဒါရွေးချယ်ပွဲတွေဖြစ်ဖို့ အတွက်ရည်ရွယ်ပြီး အဆိုတင်သွင်းရတာ ဖြစ်ပါတယ်"ဟု အဆိုရှင် ဦးအောင်ကျော်ထွီးက ပြောသည်။

ဦးအောင်ကျော်ထွီးအဆိုအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ထောက်ခံဆွေးနွေးခဲ့ကြသည်။

အဆိုကို ထောက်ခံဆွေးနွေးခဲ့သူ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင် (ရသေ့တောင်-၁)က "အရင်က တင်ဒါတွေကို တင်ဒါခေါ်ယူတဲ့နေရာမှာ ချက်ချင်းမဆုံးဖြတ်ဘဲ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ကပ်ဘိနက်ကိုတင်ပြပြီး ကပ်ဘိနပ်က ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ဒီဦးအောင်ကျော်ထွီး အဆို အောင်မြင်သွားတဲ့အတွက် နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူတဲ့နေရာမှာပဲ ဘယ်သူ အောင်တယ်၊ မအောင်ဘူးဆိုတာကို တစ်ခါတည်းဆုံးဖြတ်ကြေညာရမှာ ဖြစ်ပါတယ်။ တင်ဒါဆွဲသူတွေရဲ့ ရှေ့မှောက်မှာ ကြေညာရမှာဖြစ်တဲ့အတွက် အားလုံးအတွက် ရှင်းရှင်းလင်းလင်းနဲ့ ပွင့်လင်းမြင်သာမှု ရှိသွားမှာဖြစ်ပါတယ်"ဟု နိရဉ္စရာသို့ ပြောသည်။

ယင်းအဆိုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက အဆိုနှင့်ပတ်သက်၍ အမြင်သဘောထားကိုဆွေးနွေးပြီး အဆိုကို မှတ်တမ်းတင်ရန် အဆိုပြုခဲ့သည်။

**(ကိုးကား-နိရဉ္စရာ)**

# သံဇစ်မြေရေတွင် PH တန်ဖိုးမြင့်နေပြီး အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးနေဟု ရခိုင်ပြည်နယ်အစိုးရထုတ်ပြန်

**စက်တင်ဘာ ၆၊ ၂၀၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ သံဇစ်မြစ်အတွင်း သံချေးရောင်ပြောင်းနေသည့်ရေတွင် PH တန်ဖိုးမြင့်နေပြီး အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးနေကြောင်း ရခိုင်ပြည်နယ်အစိုးရက ပြောကြားသည်။

ကျောက်ဖြူမြို့နယ် မဒေးကျွန်းအနီးတစ်ဝိုက် ပင်လယ်ရေပြင်၌ ရေအရောင်ပြောင်းသည့်ကိစ္စအား ရခိုင်ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့အလေးထားဆောင်ရွက်နေသည်ကို သိရှိလိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး စက်တင်ဘာလ ၅ ရက်နေ့ကပြုလုပ်သည့် ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့် (ဘူးသီးတောင်-၁) က မေးမြန်းခဲ့ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ထူးခြားချက်မှာ PH တန်ဖိုးမြင့်နေပါတယ်။ PH တန်ဖိုးအားဖြင့် ၈ ဒသမ ၆၆ နဲ့ အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးခြင်းကို တွေ့ရှိရပါတယ်"ဟု ဝန်ကြီး ဦးအောင်ကျော်ဇံက ဆိုသည်။

ယင်းကဲ့သို့ PH တန်ဖိုးမြင့်နေပြီး အောက်ဆီဂျင်ပျော်ဝင်မှုနည်းပါးနေသော်လည်း သက်ရှိရေသတ္တဝါများ အသက်ရှင်နေထိုင်နိုင်သောပမာဏဖြစ်သည့်အတွက် စိုးရိမ်စရာမလိုဟုလည်း ဝန်ကြီးက ဆိုသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ယခုထုတ်ပြန်ပြောဆိုချက်မှာ စစ်တွေတက္ကသိုလ် ဓာတုဗေဒဌာန၏ စမ်းသပ်စစ်ဆေးချက်ရလဒ်သာဖြစ်ပြီး မည်သည့်အတွက် ယခုကဲ့သို့ဖြစ်ပေါ်လာရသည်ဆိုသည့်အချက်ကို မြန်မြန်ဆန်ဆန်ထုတ်ပြန်ပေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်မြင့်က တောင်းဆိုလိုက်သည်။

"အစိုးရအဖွဲ့အနေနဲ့ ဒါကိုတော့ အထူးအလေးထားပြီးတော့ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတဲ့ အဖြေတစ်ခုကို အရင်ထုတ်ရမယ်။ ထုတ်ပြီးတော့မှ အဲဒီအဖြေထွက်လာပြီးတော့မှ နောင်အလားတူမဖြစ်အောင် ဘယ်လိုတားဆီးကာကွယ်သွားရမလဲ၊ နစ်နာဆုံးရှုံးနေတဲ့ ပြည်သူတွေကိုရော ဘယ်လိုပြန်လည်ကုစားပေးမလဲဆိုတဲ့ဟာတွေက သူ့အပိုင်းနဲ့သူပေါ့။ မြန်နိုင်လေ ကောင်းလေပါပဲ။ ကျွန်တော်တို့ စောင့်ကြည့်ရမှာပါ။ သူတို့ ဘာဆက်လုပ်မလဲဆိုတာကို"ဟု ဦးဇော်ဇော်မြင့်က သတင်းထောက်များကို ပြောသည်။

ကျောက်ဖြူမြို့နယ်ရှိ သံဇစ်မြစ်ရေများသည် ဇူလိုင်လအတွင်းမှစတင်ကာ ယခုကဲ့သို့ သံချေးရောင်များအဖြစ် ပြောင်းလဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသံချေးရောင်ရေများသည် ယခုအခါ အမ်းနှင့် မြေပုံမြို့နယ်များသို့ထိရောက်ရှိလာနေ၍ အန္တရာယ်တစ်စုံတစ်ရာဖြစ်မည်ကို စိုးရိမ်နေကြရသည်ဟုလည်း ဒေသခံများကဆိုသည်။ **(ကိုးကား-နိရဉ္စရာ)**